# Myanma Railways

## Online Railways Ticketing and Payment System (ORTP)

## (User Guide for Public Users)

**Authorization**

| | |
|---|---|
| Name | Myanma Railways,<br>Online Railways Ticketing and Payment System (ORTP) |
| Document Title | **User Guide for Public Users** |
| Version Number | 2.0 |
| Version Date | 26th January 2026 |
| Owner | Myanma Railways |

This Documents and its contents are the confidential property of Myanma Railways. This document is prepared for the sole purpose and exclusive communication to the Client and therefore, is considered to be proprietary by Myanma Railways. It may not be available to anyone other than the addressee or persons within the addressee's organization who are designated to evaluate or implement the proposal; nor may it be copied, reproduced, modified, altered, or circulated to any third party, in any form or media, without prior written consent of Myanma Railways.

Myanma Railways © 2026 All rights are reserved.

## Contents

၁။ ပင်မစာမျက်နှာ .......... 4

၂။ ခရီးစဉ်ရှာဖွေခြင်း .......... 5

၃။ လက်မှတ်ဝယ်ယူခြင်း .......... 16

၄။ ငွေပေးချေခြင်း .......... 17

Copyright@MyanmaRailway2026

## ၁။ ပင်မစာမျက်နှာ

ပထမဦးစွာ မိမိအသုံးပြုသည့် Browser တစ်ခုခုမှတဆင့် **https://ortp.railways.gov.mm** သို့ ဝင်ရောက်ပါက အောက်ဖော်ပြပါအတိုင်း မြန်မာ့မီးရထား၏ အွန်လိုင်းလက်မှတ်ဝယ်ယူနိုင်မည့် ပင်မစာမျက်နှာ အား မြင်တွေ့ရမည်ဖြစ်ပါသည်။ ပင်မစာမျက်နှာတွင် ခရီးစဉ်အား ရွေးချယ်နိုင်ခြင်း၊ အသိပေးကြေညာချက်များ၊ ခရီးသည်များ အွန်လိုင်း လက်မှတ်ဝယ်ယူရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ဝယ်ယူထားသော e Ticket အား ပြန်လည် Download ပြုလုပ်ရန်နှင့် ဆက်သွယ်ရန် Hotline နံပါတ်နှင့် Email များအား မြင်တွေ့ရမည် ဖြစ်ပါသည်။



## ၂။ ခရီးစဉ်ရှာဖွေခြင်း


မိမိသွားရောက်လိုသော ခရီးစဉ်အား ရှာဖွေလိုပါက အသွားတစ်ကြောင်းသော်လည်းကောင်း၊ အသွားအပြန်ခရီး သော်လည်းကောင်း ရွေးချယ်၍ ရှာဖွေနိုင်ပါသည်။

**<u>အသွားတစ်ကြောင်းအတွက် ခရီးစဉ်ရှာဖွေခြင်း</u>**

မိမိသည် အသွားတစ်ကြောင်းစာအတွက် ခရီးစဉ်ရှာဖွေလိုပါက အောက်ဖော်ပြပါအတိုင်း ရွေးချယ်ရှာဖွေနိုင်မည် ဖြစ်ပါသည်။ ဥပမာ - မိမိသည် နေပြည်တော်မှ ရန်ကုန်သို့ ခရီးစဉ်ရှာဖွေမည်ဆိုပါလျှင် ခရီးစဉ်အစ၊ ခရီးစဉ်အဆုံး၊ ထွက်ခွာမည့်ရက်တို့အား ရွေးချယ်ပြီးနောက် ခုံဝယ်ယူမည့် လူဦးရေအား ထည့်သွင်းရွေးချယ်ပေးရပါမည်။





လူဦးရေ ရွေးချယ်ရာတွင် (၃) နှစ်အောက်ကလေးငယ်မှအပ ရထားစီးနှင်းသူများအားလုံးလက်မှတ်ဝယ်ယူရမည် ဖြစ်ပါသည်။ လူကြီးလက်မှတ်ခုံအရေအတွက် ရွေးချယ်ပြီးပါက ကလေး (၃ နှစ်မှ ၁၂ နှစ်) အတွက် ရွေးချယ်ရာ တွင် အရေအတွက်ရွေးချယ်ပြီးနောက် ခုံယူမည်ဆိုပါက **(ခုံယူမည်)** ဟူသော အောက်ဖော်ပြပါ ခလုတ်အား ဖွင့်၍ ထိုင်ခုံနေရာရွေးချယ်နိုင်ပါသည်။ အသက် (၃) နှစ်အောက် ကလေးငယ်သည် လက်မှတ်ဝယ်ယူရန်မလိုအပ်သော် လည်း ထိုင်ခိုင်နေရာလိုပါက **(ခုံယူမည်)** ဟူသော ခလုတ်အား ဖွင့်၍ ထိုင်ခုံဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။





Copyright@MyanmaRailway2026

ခရီးစဉ်အစ၊ ခရီးစဉ်အဆုံး၊ ထွက်ခွာမည့်ရက်၊ လူဦးရေနှင့် ထိုင်ခုံအရေအတွက်တို့အား ရွေးချယ်ပြီးနောက်တွင် ရှာဖွေမည်ကို နှိပ်ပါက မိမိသွားရောက်မည့်ရက်တွင် ပြေးဆွဲမည့် ရထားခရီးစဉ်များအား မြင်တွေ့ရမည် ဖြစ်ပါသည်။ ထို့နောက်တွင် မိမိသွားရောက်လိုသည့် အချိန်တွင် ပြေးဆွဲမည့် ရထားအား ရွေးချယ်၍ ရပ်တန့်ဘူတာများ ကြည့်ရှုနိုင်ခြင်း၊ ထိုင်ခုံနေရာရွေးချယ်ခြင်း၊ လက်မှတ်ဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။




ရပ်တန့်ဘူတာများကို နှိပ်ပါက အောက်ဖော်ပြပါအတိုင်း မိမိသွားရောက်မည့် ခရီးစဉ်တစ်လျှောက်တွင် ရပ်နားမည့် ဘူတာများနှင့် ရောက်ရှိမည့်အချိန်များအား မြင်တွေ့ရမည် ဖြစ်ပါသည်။


Copyright@MyanmaRailway2026





မိမိသွားရောက်လိုသော ခရီးစဉ်တစ်လျှောက် ပြေးဆွဲမည့် ရထားများအား ရှာဖွေပြီးနောက် လက်မှတ်ဝယ်ယူလိုပါက မိမိသွားရောက်လိုသည့် အချိန်တွင် ပြေးဆွဲမည့် ရထား၏ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်၍ လက်မှတ်ဝယ်ယူခြင်း လုပ်ငန်းစဉ် စတင်လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရထားတွဲ အတန်းအစားများနှင့် လက်မှတ်နှုန်းထားခများအား မြင်တွေ့ရမည် ဖြစ်ပါသည်။ လက်မှတ်ဝယ်ယူနိုင်ရန်အတွက် မိမိနှစ်သက်ရာ အတွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့အား ရွေးချယ်နိုင်မည် ဖြစ်ပါသည်။




**“ထိုင်ခုံကိုရွေးပါ”** ကို နှိပ်ပါက မိမိရွေးချယ်လိုသော ထိုင်ခုံနေရာများအား ရွေးချယ်၍ ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အောက်တွင်မြင်တွေ့ရသည့်အတိုင်း အရောင်များအလိုက် ဖော်ပြပေးထားမည်ဖြစ်ပြီး အစိမ်းရောင်ဖြင့် မြင်တွေ့ရသော ထိုင်ခုံနေရာများသည် ခုံလွတ်ဖြစ်သည့်အတွက် ၎င်းအရောင်နေရာများတွင် ထိုင်ခုံနေရာရွေးချယ်နိုင်မည် ဖြစ်ပြီး မိမိရွေးချယ်လိုက်သည့်ခုံနေရာများအား အပြာရောင်ဖြင့် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




မိမိထည့်သွင်းထားသော ခရီးသည်လူဦးရေ ခုံယူမည့်အရေအတွက်အတိုင်းသာ ခုံရွေးချယ်ခွင့်ရှိမည်ဖြစ်ပြီး ခရီးသည် အရေအတွက်ထက်ပို၍ ထိုင်ခုံပိုရွေးချယ်၍ မရနိုင်ပါ။





ထိုင်ခုံနေရာအား ရွေးချယ်ပြီးနောက်တွင် မိမိရွေးချယ်ထားသော ထိုင်ခုံနေရာအား အောက်ဖော်ပြပါအတိုင်း မြင်တွေ့ရမည်ဖြစ်ပြီး ရွေးချယ်မည်အား နှိပ်ပါ။



Copyright@MyanmaRailway2026

**"ရွေးချယ်မည်"** အား နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရွေးချယ်မှု အောင်မြင်ပါသည် ဟူသော အသိပေးစာ ကျရောက်လာမည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူမှုအား (၁၅) မိနစ်အတွင်း ဆောင်ရွက်နိုင်ပါသည်။




<u>**အသွားအပြန်ခရီးအတွက် ခရီးစဉ်ရှာဖွေခြင်း**</u>

မိမိသည် အသွားအပြန်ခရီးအတွက် ခရီးစဉ်ရှာဖွေလိုပါက အောက်ဖော်ပြပါအတိုင်း အသွားအပြန်ခရီး Button အား ဖွင့်ပေးပြီးနောက်တွင် ခရီးစဉ်အား ရွေးချယ်ရှာဖွေနိုင်မည် ဖြစ်ပါသည်။ ဥပမာ - မိမိသည် နေပြည်တော်မှ ရန်ကုန်သို့ ခရီးစဉ်ရှာဖွေမည်ဆိုပါလျှင် ခရီးစဉ်အစ၊ ခရီးစဉ်အဆုံး၊ ထွက်ခွာမည့်ရက်၊ ဆိုက်ရောက်မည့်ရက် တို့အား ရွေးချယ်ပြီးနောက် ခုံဝယ်ယူမည့် လူဦးရေအား ထည့်သွင်းရွေးချယ်ပေးရပါမည်။





လူဦးရေ ရွေးချယ်ရာတွင် (၃) နှစ်အောက်ကလေးငယ်မှအပ ရထားစီးနင်းသူများအားလုံးလက်မှတ်ဝယ်ယူရမည် ဖြစ်ပါသည်။ လူကြီးလက်မှတ်ခုံအရေအတွက် ရွေးချယ်ပြီးပါက ကလေး (၃ နှစ်မှ ၁၂ နှစ်) အတွက် ရွေးချယ်ရာတွင် အရေအတွက်ရွေးချယ်ပြီးနောက် ခုံယူမည်ဆိုပါက **(ခုံယူမည်)** ဟူသော အောက်ဖော်ပြပါ ခလုတ်အား ဖွင့်၍ ထိုင်ခုံနေရာရွေးချယ်နိုင်ပါသည်။ အသက် (၃) နှစ်အောက် ကလေးငယ်သည် လက်မှတ်ဝယ်ယူရန်မလိုအပ်သော်လည်း ထိုင်ခိုင်နေရာလိုပါက **(ခုံယူမည်)** ဟူသော ခလုတ်အား ဖွင့်၍ ထိုင်ခုံဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။





ခရီးစဉ်အစ၊ ခရီးစဉ်အဆုံး၊ ထွက်ခွာမည့်ရက်၊ ဆိုက်ရောက်မည့်ရက်၊ လူဦးရေနှင့် ထိုင်ခုံအရေအတွက်တို့အား ရွေးချယ်ပြီးနောက်တွင် ရှာဖွေမည်ကို နှိပ်ပါက မိမိသွားရောက်မည့်ရက်တွင် ပြေးဆွဲမည့် ရထားခရီးစဉ်များအား မြင်တွေ့ရမည် ဖြစ်ပါသည်။ ထို့နောက်တွင် မိမိသွားရောက်လိုသည့် အချိန်တွင် ပြေးဆွဲမည့် ရထားအား ရွေးချယ်၍ ရပ်တန့်ဘူတာများ ကြည့်ရှုနိုင်ခြင်း၊ ထိုင်ခုံနေရာရွေးချယ်ခြင်း၊ ကြိုတင်လက်မှတ်ဝယ်ယူခြင်းများ ပြုလုပ်နိုင်ပါသည်။


**အသွားခရီးစဉ်အတွက် ရထားအချိန်နှင့် ထိုင်ခုံရွေးချယ်ရန်**




မိမိသွားရောက်လိုသော အသွားခရီးစဉ်တစ်လျှောက် ပြေးဆွဲမည့် ရထားများအား ရှာဖွေပြီးနောက် လက်မှတ်ဝယ်ယူလိုပါက မိမိသွားရောက်လိုသည့် အချိန်တွင် ပြေးဆွဲမည့် ရထား၏ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်၍ လက်မှတ် ဝယ်ယူခြင်း လုပ်ငန်းစဉ် စတင်လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရထားတွဲ အတန်းအစားများနှင့် လက်မှတ်နှုန်းထားများအား မြင်တွေ့ရမည် ဖြစ်ပါသည်။ လက်မှတ်ဝယ်ယူနိုင်ရန်အတွက် မိမိနှစ်သက်ရာ အတွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့အား ရွေးချယ်နိုင်မည် ဖြစ်ပါသည်။




**“ထိုင်ခုံကိုရွေးပါ”** ကို နှိပ်ပါက မိမိရွေးချယ်လိုသော ထိုင်ခုံနေရာများအား ရွေးချယ်၍ ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အောက်တွင်မြင်တွေ့ရသည့်အတိုင်း အရောင်များအလိုက် ဖော်ပြပေးထားမည်ဖြစ်ပြီး အစိမ်းရောင်ဖြင့် မြင်တွေ့ရသော ထိုင်ခုံနေရာများသည် ခုံလွတ်ဖြစ်သည့်အတွက် ၎င်းအရောင်နေရာများတွင် ထိုင်ခုံနေရာရွေးချယ်နိုင်မည် ဖြစ်ပြီး မိမိရွေးချယ်လိုက်သည့်ခုံနေရာများအား အပြာရောင်ဖြင့် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




မိမိထည့်သွင်းထားသော ခရီးသည်လူဦးရေ ခုံယူမည့်အရေအတွက်အတိုင်းသာ ခုံရွေးချယ်ခွင့်ရှိမည်ဖြစ်ပြီး ခရီးသည် အရေအတွက်ထက်ပို၍ ထိုင်ခုံပိုရွေးချယ်၍ မရနိုင်ပါ။




ထိုင်ခုံနေရာအား ရွေးချယ်ပြီးနောက်တွင် မိမိရွေးချယ်ထားသော ထိုင်ခုံနေရာအား အောက်ဖော်ပြပါအတိုင်း မြင်တွေ့ရမည်ဖြစ်ပြီး ကြိုတင်ဝယ်ယူမည်အား နှိပ်ပါ။




**“ရွေးချယ်မည်”** အား နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရွေးချယ်မှု အောင်မြင်ပါသည် ဟူသော အသိပေးစာ ကျရောက်လာမည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူမှုအား (၁၅) မိနစ်အတွင်း ဆောင်ရွက်နိုင်ပါသည်။




Copyright@MyanmaRailway2026


## အပြန်ခရီးစဉ်အတွက် ရထားအချိန်နှင့် ထိုင်ခုံရွေးချယ်ရန်





မိမိသွားရောက်လိုသော အပြန်ခရီးစဉ်တစ်လျှောက် ပြေးဆွဲမည့် ရထားများအား ရှာဖွေပြီးနောက် လက်မှတ်ဝယ်ယူလိုပါက မိမိသွားရောက်လိုသည့် အချိန်တွင် ပြေးဆွဲမည့် ရထား၏ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်၍ လက်မှတ်ဝယ်ယူခြင်း လုပ်ငန်းစဉ် စတင်လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ **“ထိုင်ခုံအတန်းအစားရွေးချယ်ရန်”** ကို နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရထားတွဲ အတန်းအစားများနှင့် လက်မှတ်နှုန်းထားများအား မြင်တွေ့ရမည် ဖြစ်ပါသည်။ လက်မှတ်ဝယ်ယူနိုင်ရန်အတွက် မိမိနှစ်သက်ရာ အတွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့အား ရွေးချယ်နိုင်မည် ဖြစ်ပါသည်။




**"ထိုင်ခုံကိုရွေးပါ"** ကို နှိပ်ပါက မိမိရွေးချယ်လိုသော ထိုင်ခုံနေရာများအား ရွေးချယ်၍ ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အောက်တွင်မြင်တွေ့ရသည့်အတိုင်း အရောင်များအလိုက် ဖော်ပြပေးထားမည်ဖြစ်ပြီး အစိမ်းရောင်ဖြင့် မြင်တွေ့ရသော ထိုင်ခုံနေရာများသည် ခုံလွတ်ဖြစ်သည့်အတွက် ၎င်းအရောင်နေရာများတွင် ထိုင်ခုံနေရာရွေးချယ်နိုင်မည်ဖြစ်ပြီး မိမိရွေးချယ်လိုက်သည့်ခုံနေရာများအား အပြာရောင်ဖြင့် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။





မိမိထည့်သွင်းထားသော ခရီးသည်လူဦးရေ ခုံယူမည့်အရေအတွက်အတိုင်းသာ ခုံရွေးချယ်ခွင့်ရှိမည်ဖြစ်ပြီး ခရီးသည် အရေအတွက်ထက်ပို၍ ထိုင်ခုံပိုရွေးချယ်၍ မရနိုင်ပါ။




ထိုင်ခုံနေရာအား ရွေးချယ်ပြီးနောက်တွင် မိမိရွေးချယ်ထားသော ထိုင်ခုံနေရာအား အောက်ဖော်ပြပါအတိုင်း မြင်တွေ့ရမည်ဖြစ်ပြီး ကြိုတင်ဝယ်ယူမည်အား နှိပ်ပါ။




**“ရွေးချယ်မည်”** အား နှိပ်ပါက အောက်ဖော်ပြပါအတိုင်း ရွေးချယ်မှု အောင်မြင်ပါသည် ဟူသော အသိပေးစာ ကျရောက်လာမည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူမှုအား (၁၅) မိနစ်အတွင်း ဆောင်ရွက်နိုင်ပါသည်။





မိမိသည် ခုံရွေးချယ်ပြီးနောက်တွင် အကြောင်းအမျိုးမျိုးကြောင့် ရထားလက်မှတ်ဝယ်ယူရန်အတွက် (၁၅) မိနစ်ထက် ကျော်လွန်သွားပါက အောက်ဖော်ပြပါအတိုင်း “ဝယ်ယူမှုမအောင်မြင်ပါ” ဟူ၍ မြင်တွေ့ရမည်ဖြစ်ပြီး မိမိသည် ထိုင်ခုံနေရာ ပြန်လည်ရွေးချယ်ရမည် ဖြစ်ပါသည်။




## ၃။ လက်မှတ်ဝယ်ယူခြင်း

မိမိသည် ခရီးစဉ်နှင့် ထိုင်ခုံနေရာရွေးချယ်ခြင်းများ ပြုလုပ်ပြီးပါက လက်မှတ်ဝယ်ယူခြင်း လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့နောက်တွင် မိမိရွေးချယ်ထားသော ခရီးစဉ်၊ ခရီးသည်အရေအတွက်၊ ထိုင်ခုံနေရာအရေအတွက်နှင့် လက်မှတ်ခ ကျသင့်ငွေတို့အား မြင်တွေ့ရမည်ဖြစ်ပြီး ပြန်လည်စစ်ဆေးနိုင်မည် ဖြစ်ပါသည်။ မှန်ကန်ပါက ရှေ့သို့ ကို နှိပ်ပါ။ **(လက်မှတ်ဝယ်ယူရန် ဖြည့်သွင်းရာတွင် ၁၅ မိနစ်ထက်ကျော်လွန်ပါက အချက်အလက်များ အသစ်ပြန်လည် ထည့်သွင်းရန် လိုအပ်ပါသည်။)**





ဆက်လက်၍ ခရီးသည်အချက်အလက်များကို ဖြည့်သွင်းပေးရမည်ဖြစ်ပြီး ခရီးသည်အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ် (သို့မဟုတ်) Passport No.၊ ကျား/မ ရွေးချယ်ခြင်း၊ ဖုန်းနံပါတ်နှင့် အီးမေးလ်တို့အား ဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။ ကလေးအတွက် (၃-၁၂ နှစ်) အသက်အပိုင်းခြားဆိုပါလျှင် မှတ်ပုံတင်ရရှိပြီးပါက မှတ်ပုံတင်နံပါတ်ဖြည့်သွင်း၍သော်လည်းကောင်း၊ အသက်အရွယ်အား ရွေးချယ်၍ အချက်အလက်များ ပြန်လည်စစ်ဆေးပြီးနောက်တွင် မှန်ကန်သည်ဆိုပါက ရှေ့သို့ဆက်သွားရန် နှိပ်ပါ။

**(* ပြထားသော အချက်အလက်များသည် မဖြစ်မနေဖြည့်သွင်းပေးရမည့် အချက်များ ဖြစ်ပါသည်။)**





ထို့နောက်တွင် မိမိဖြည့်သွင်းထားသော အချက်အလက်များသည် မှန်ကန်ကြောင်း အတည်ပြုပေးရမည် ဖြစ်သည်။ အချက်အလက်များအား ထပ်မံစစ်ဆေးပြီးနောက် မှန်ကန်ပါက ရထားလက်မှတ်ဝယ်ယူရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် Refund စည်းကမ်းများအား သိရှိနားလည်သဘောတူကြောင်း အချက်အလက်များ မှန်ကန်ကြောင်း Box တွင် အမှန်ခြစ်လေးအား Click နှိပ်ပေးရမည်ဖြစ်ပြီး ရှေ့သို့ ဆက်သွားရန် နှိပ်ပါ။




## ၄။ ငွေပေးချေခြင်း


မိမိဖြည့်သွင်းသော အချက်အလက်များမှန်ကန်ကြောင်း အတည်ပြုပြီးပါက ကြိုတင်လက်မှတ်ဝယ်ယူရန်အတွက် ငွေပေးချေရမည် ဖြစ်ပါသည်။ လက်မှတ်ခနူန်းထားများအား ငွေပေးချေရန်အတွက် အောက်ဖော်ပြပါ ငွေပေးချေခြင်း နည်းလမ်းများထဲမှ မိမိကြိုက်နှစ်သက်ရာငွေပေးချေမှုအား ရွေးချယ်ပြီး Proceed To Payment အား နှိပ်၍ လက်မှတ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်။ မည်သည့်နည်းလမ်းဖြင့် ငွေပေးချေစေကာမူ ငွေပမာဏအား ရိုက်ထည့်စရာ မလိုပေ။




## <u>MPU ဖြင့် ငွေပေးချေခြင်းနည်းလမ်း</u>

MPU Card ဖြင့် ငွေပေးချေပါက အောက်ဖော်ပြပါအတိုင်း Card Number, ကဒ်သက်တမ်းကုန်ဆုံးမည့် Month, Year တို့အားဖြည့်သွင်းပြီးနောက် OTP Code အား တောင်းခံ၍ Confirm Payment အားနှိပ်ပါက ငွေပေးချေခြင်း လုပ်ငန်းစဉ်အား လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။


VISA, MASTER Card များသည်လည်း MPU Card ငွေပေးချေခြင်းအတိုင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။





## <u>MMQR ဖြင့် ငွေပေးချေခြင်းနည်းလမ်း</u>

MMQR ဖြင့် ငွေပေးချေမည်ဆိုပါက MMQR တွင်ချိတ်ဆက် ထားသော မည်သည့် Wallet (သို့မဟုတ်) ဘဏ်အကောင့် များနှင့်မဆို ငွေပေးချေနိုင်ရန်အတွက် အောက်တွင် မြင်တွေ့ရသော QR အား Scan ဖတ်၍ လက်မှတ်နှုန်းထားခ များအား လွယ်ကူစွာ ငွေပေးချေနိုင်မည် ဖြစ်ပါသည်။


**(QR တွင်ပါရှိသော ၅ မိနစ် အတွင်း ငွေပေးချေရန်လိုအပ်ပါသည်။)**





QR တွင်ပါရှိသော ငွေပေးချေရမည့် အချိန် (၅) မိနစ်အတွင်း ငွေပေးချေခြင်းမပြုလုပ်ပါက အောက်ဖော်ပြပါအတိုင်း ငွေပေးချေမှု မအောင်မြင်ကြောင်း မြင်တွေ့ရမည်ဖြစ်ပါသည်။





မိမိကြိုက်နှစ်သက်ရာနည်းလမ်းဖြင့် ငွေပေးချေရမည့် အချိန် (၅) မိနစ်အတွင်း ငွေပေးချေပြီးပါက အောက်တွင်မြင်တွေ့ရသည့်အတိုင်း ငွေပေးချေမှုအောင်မြင် ကြောင်း Success Message အား တွေ့ရမည်ဖြစ်ပြီး eTicket အား Download ရယူနိုင်ပါသည်။



eTicket အား Download ရယူရန် PDF File အားနှိပ်ပါက အောက်ဖော်ပြပါအတိုင်း eTicket ရရှိမည်ဖြစ်ပြီး ၎င်း eTicket အား မိမိစီးနင်းမည့် ရထားအချိန်မတိုင်ခင် (၁) နာရီခန့် ကြိုတင်၍ ဘူတာရုံကောင်တာများတွင် လက်မှတ်ဖြင့် လဲလှယ်၍ ခရီးစဉ်စီးနင်းလိုက်ပါနိုင်မည် ဖြစ်ပါသည်။




ဘူတာရုံတွင် e-ticket အား အောက်ဖော်ပြပါအတိုင်း "လက်မှတ်စစ်ဆေးသူထံ QR Code ပြပေးရန်" ဟူသော စာသားပါ လက်မှတ်ဖြင့် လဲလှယ်ပြီးပါက ရထားလိုက်ပါစီးနင်းနိုင်မည် ဖြစ်ပါသည်။




Copyright@MyanmaRailway2026

မိမိသည် eTicket အား ဖုန်းထဲမှ မှားယွင်း၍ ဖျက်လိုက်မိသော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြန်ရှာမတွေ့၍သော်လည်းကောင်း eTicket အား ပြန်လည် Download ပြုလုပ်လိုပါက ပင်မစာမျက်နှာတွင်ရှိသော “eTicket ပြန်လည် Download ပြုလုပ်ရန်” ဟူသော အောက်ဖော်ပြပါနေရာတွင် မိမိ၏ မှတ်ပုံတင်နံပါတ်နှင့် ထွက်ခွာမည့်ရက်အား ရွေးချယ်၍ ရှာဖွေမည်ကို နှိပ်ပါ။ ထို့နောက်တွင် အောက်ဖော်ပြပါအတိုင်း မိမိ၏ eTicket အား ပြန်လည် Download ရယူနိုင်မည် ဖြစ်ပါသည်။

